# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
# ၂၀၂၀ ပြည့်နှစ်၊ ဇွန်လမှ စက်တင်ဘာလအထိ ကော်မရှင်သို့ ပေးပို့ခဲ့သော တိုင်တန်းချက်များအပေါ် ဆောင်ရွက်ထားရှိမှုများနှင့် တိုင်တန်းနိုင်သော နည်းလမ်းများနှင့်စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်

## သတင်းထုတ်ပြန်ချက်အမှတ်စဉ် (၁၄ /၂၀၂၀)

၁။ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လမှ စက်တင်ဘာလအထိ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သို့ ပေးပို့တိုင်ကြားလာသည့် တိုင်တန်းချက်ပေါင်း **၈၁၈** မှု လက်ခံရရှိခဲ့ရာ အောက်ပါ အတိုင်း စိစစ်ဆောင်ရွက်ခဲ့ပါသည်-

| | | | | |
|---|---|---|---|---|
| (က) | သက်ဆိုင်ရာဌာနအဖွဲ့အစည်းများသို့ ပေးပို့မှု | – | ၁၈၈ | မှု |
| (ခ) | တိုင်တန်းသူများထံ အကြံပြုပြန်ကြားခြင်း | – | ၈၇ | မှု |
| (ဂ) | ကွင်းဆင်းစုံစမ်းစစ်ဆေးခြင်း | – | ၃ | မှု |
| (ဃ) | မှတ်တမ်းထားရှိခြင်း | – | ၄၇၃ | မှု |
| (င) | လက်ကျန် | – | ၆၇ | မှု |

၂။ မှတ်တမ်းထားရှိခဲ့သည့် တိုင်တန်းချက် (၄၇၃) စောင်သည် ကော်မရှင် ဥပဒေ ပုဒ်မ ၃၇ အရ တရားရုံး တစ်ခုခု၏ ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲ အမှုများ၊ တရားရုံး တစ်ခုခု၏ စီရင်ဆုံးဖြတ်ချက်အပေါ် အယူခံမှု သို့မဟုတ် ပြင်ဆင်မှု ဝင်ရောက်ဆဲအမှုများ၊ တရားရုံး တစ်ခုခုက အပြီးသတ် စီရင်ဆုံးဖြတ်ပြီးသော အမှုများ၊ တိုင်တန်းချက် အင်္ဂါရပ်နှင့် မညီညွတ်သော အမှုများနှင့် ကော်မရှင်မှ ယခင် ဖြေရှင်းဆောင်ရွက်ပေးခဲ့ပြီးသော အမှုများဖြစ်သဖြင့် အရေးယူဆောင်ရွက်ရန် မလိုအပ်သော ကြောင့် စနစ်တကျ မှတ်တမ်းတင် ထိန်းသိမ်းထားပါသည်။

၃။ တိုင်တန်းချက်များနှင့်စပ်လျဉ်း၍ လိုအပ်သလို စိစစ်ဆောင်ရွက် ပေးနိုင်ရေးအတွက် သက် ဆိုင်ရာဌာန အဖွဲ့အစည်းအသီးသီးသို့ အကြောင်းကြားစာ ပေးပို့ခဲ့ရာ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လမှ စက်တင်ဘာလအထိ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအသီးသီးမှ ပြန်ကြားချက် (၂၆၂) စောင်ကို အောက်ပါအတိုင်း လက်ခံရရှိခဲ့ပြီး တိုင်တန်းသူ ကာယကံရှင်များထံသို့ ကော်မရှင်မှပေးပို့ ပြန်ကြား ပြီးဖြစ်ပါသည်-

| | | | | |
|---|---|---|---|---|
| (က) | ၂၀၁၈ ခုနှစ်အတွင်း တိုင်တန်းချက်အပေါ်ပြန်ကြားချက် | – | ၁ | စောင် |
| (ခ) | ၂၀၁၉ ခုနှစ်အတွင်း တိုင်တန်းချက်အပေါ်ပြန်ကြားချက် | – | ၅၀ | စောင် |
| (ဂ) | ၂၀၂၀ ပြည့်နှစ်အတွင်း တိုင်တန်းချက်အပေါ်ပြန်ကြားချက် | – | ၂၁၁ | စောင် |

၄။ လူ့အခွင့်အရေး ဖောက်ဖျက်ခံရကြောင်း တိုင်တန်းခြင်း သို့မဟုတ် စွပ်စွဲခြင်းပြုလိုပါက စာဖြင့် ရေးသားဖော်ပြထားသော တိုင်တန်းချက်တစ်ရပ်ကို လူကိုယ်တိုင်ဖြစ်စေ၊ မှတ်ပုံတင်စာ၊ ပြည်တွင်း၊ ပြည်ပ အမြန်အချောပို့စနစ်ဖြစ်စေ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၊ အမှတ် (၂၇)၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။ ဖက်စ်ဖြင့် တိုင်ကြားစာပေးပို့လိုပါက ဖက်စ်ဖုန်းနံပါတ် ၀၁-၆၅၄၆၇၈ သို့လည်းကောင်း၊ အီးမေးလ်ဖြင့် တိုင်ကြားစာ ပေးပို့လိုပါက info@mnhrc.org.mm နှင့် protection@mnhrc.org.mm အီးမေးလ် လိပ်စာများသို့ လည်းကောင်းပေးပို့ တိုင်ကြားနိုင်ပါသည်။

၅။ တိုင်တန်းချက်တွင် တိုင်တန်းသူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူ၊ ဆက်သွယ်ရန် လိပ်စာ၊ ဖုန်းနံပါတ်နှင့်အတူ မည်ကဲ့သို့ လူ့အခွင့်အရေးဖောက်ဖျက်ခံရကြောင်း ဖြစ်စဉ်ကို ရှင်းလင်းပြည့်စုံစွာ ရေးသားဖော်ပြ၍ တိုင်တန်းသူကိုယ်တိုင် လက်မှတ်ရေးထိုးကာ ပေးပို့ရမည် ဖြစ်ပြီး လိုအပ်ပါက တိုင်ကြားစာပါ ဖြစ်စဉ်နှင့်သက်ဆိုင်သည့် စာရွက်စာတမ်းအထောက်အထား မိတ္တူများ၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည့် အထောက်အထားများကိုပါပူးတွဲ၍ ပြည့်စုံစွာ ပေးပို့ရမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၅ ရက်